မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 23, 2025 Volume 91, Number 16

| ၂၃.၆.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၃.၉၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၇.၇၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၂.၁၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၈.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၉.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တစ်ပတ်အတွင်း သီးနှံဈေးကွက်သုံးသပ်ချက် (၁၆.၆.၂၀၂၅ မှ ၂၀.၆.၂၀၂၅)




### မတ်ပဲ

မတ်ပဲက ခုတစ်ပတ်မှာ ဈေးပြန်တက်လာပြီး တစ်တန်ကို သိန်း ၃၀ ကျော်အထိ ပြန်ဖြစ်လာပါတယ်။ အရင်အပတ်ကနဲ့ နှိုင်းယှဉ်ရင် တစ်တန်ကို ၉၀,၀၀၀ လောက်အထိ တက်လာတာပါ။ နယ်ဈေးကွက်မှာလည်း မတ်ပဲ ပိဿာ ၂၀ တစ်တင်းကို ၉၈,၀၀၀ ကျပ်ရှိလာပါတယ်။

အိန္ဒိယမှာပဲအဝင်နည်းတဲ့အခြေအနေကြောင့် ပြည်တွင်းမတ်ပဲဈေးလည်း ပြန်တက်လာတာဖြစ်တယ်လို့ကုန်သည်တွေက သုံးသပ်နေကြပါတယ်။ နှစ်စဉ်မတ်ပဲဈေးကွက်အတက်ပြတဲ့ အချိန်တွေ က ဇူလိုင်ကနေ ဩဂုတ်လတွေဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တနင်္လာကနေ သောကြာနေ့အတွင်း မတ်ပဲ FAQ တစ်တန်ကို ၂,၉၅၈,၀၀၀ မှ ၃,၀၃၀,၀၀၀ ကျပ်အတွင်းဈေးတန်းရှိခဲ့ပါတယ်။

အရင်အပတ်မှာတော့ တနင်္လာကနေသောကြာနေ့အတွင်းမတ်ပဲ FAQ တစ်တန်ကို ၂,၉၄၀,၀၀၀ မှ ၂,၉၈၁,၀၀၀ ကျပ်အတွင်း ဈေးတန်းရှိခဲ့တာကြောင့် အခုတစ်ပတ်အတွင်းမှာ တစ်တန်ကိုမှ ၅၀,၀၀၀လောက် ဈေးတက်ပါတယ်။

### ပဲစင်းငုံ

ဈေးဆက်တိုက်ကျဆင်းခဲ့တဲ့ ပဲစင်းငုံကလည်းမတ်ပဲနဲ့အတူ အခုတစ်ပတ်မှာဈေးပြန်တက်လာပါတယ်။ တစ်တန်ကို ၇၀,၀၀၀ လောက်တက်လာတာ ဖြစ်ပါတယ်။

မတ်ပဲနည်းတူ အိန္ဒိယမှာ ပဲစင်းငုံအဝင်နည်းတာကြောင့် ဈေးတက်လာတာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့ကနေ သောကြာနေ့အထိ ဖြစ်ပေါ်ခဲ့တဲ့ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၂,၇၁၅,၀၀၀ မှ ၂,၈၃၅,၀၀၀ ကျပ်အတွင်း ဈေးတန်းရှိခဲ့ပါတယ်။

အရင်အပတ်တုန်းက တနင်္လာနေ့ကနေသောကြာနေ့အထိဖြစ်ပေါ်ခဲ့တဲ့ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန် ကို ကျပ် ၂,၆၈၇, ၀၀၀ မှ ၂,၇၆၀,၀၀၀ကျပ်အတွင်း ဈေးတန်းရှိခဲ့တာကြောင့် အခုတစ်ပတ်မှာတော့ တစ်တန်ကို၇၀,၀၀၀ လောက် ဈေးတက်လာပါ တယ်။

**ပြောင်းဆန်**

ပြောင်းဆန်ကလည်း မန္တလေးဈေးကွက်မှာ ထပ်တက်လာပြီး ရန်ကုန်မှာက ဈေးထပ်တက်မလာပေမဲ့ အရင်တစ်ပတ်က ဖြစ်ပေါ်ခဲ့တဲ့အတက်ဈေးတန်းမှာပဲ ငြိမ်နေတာ တွေ့ရပါတယ်။ ပြောင်း လက်ကျန်နည်းနေပြီး ပြည်ပပြောင်းတင်ပို့ဖို့အတွက် လို အပ်ချက်ရှိနေတဲ့အတွက်ကုန်သည်တွေကဈေးပေးပြီးဝယ်ယူနေတာကြောင့် ဈေးတန်းက အတက်မှာ ပဲရှိနေတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာပြောင်းဆန်တစ်ပိဿာကို၁၇၅၀ မှ၁၇၇၀ကျပ်ရှိပါတယ်။ မန္တလေးမှာပြောင်း (ဗမာ) ၈၆,၀၀၀ မှ ၈၇,၀၀၀ ကျပ်၊ ပြောင်း ( ရှမ်း) က ၈၉,၀၀၀ မှ ၉၀,၀၀၀ ကျပ် ၊ ပြောင်း ( CP) က ၈၉,၀၀၀ မှ ၉၀,၀၀၀ ကျပ်ရှိလာပါတယ်။

**ပဲကြီး**

ပဲကြီးက မန္တလေးဈေးကွက်မှာ တက်လာပြီး ရန်ကုန်ဈေးကွက်မှာ အတက်ဈေးနဲ့ ငြိမ်နေပါတယ်။ လက်ရှိမှာ ပဲကြီးက လက်ကျန်နည်းခြင်း ၊ ပြည်တွင်းစားသုံးမှုများပြီး ပဲခွဲစက်တွေက အဝယ်ရှိနေတာကြောင့် မန္တလေးမှာ ပဲကြီးကဈေးထပ်တက် လာတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲကြီး (ကုန်း) တစ်ပိဿာကို ၄၀၈၅ ကျပ်မှ ၄၆၁၀ ကျပ်ရှိပြီး ပဲကြီး (ရွှေကျွန်း)တစ်ပိဿာ ကို ၅၁၃၀ မှ ၆၅၅၀ ကျပ်နဲ့ ငြိမ်နေတာပါ။

မန္တလေးဈေးကွက်မှာ ပဲကြီး (ကြီး) က ၅၅ ဒသမ၂၅ ပိဿာကို ၃၃၀,၀၀၀ကျပ်မှ ၃၃၅,၀၀၀ ကျပ်၊ပဲကြီး (လတ်) ၃၀၀,၀၀၀ မှ ၃၁၀,၀၀၀ ကျပ်၊ ပဲကြီး (သေး)က ၂၇၀,၀၀၀ မှ ၂၈၀,၀၀၀ ကျပ်ဈေးရှိလာပါတယ်။

**အာလူး**

အာလူးက အဝယ်လိုက်လာတာကြောင့် ခုလထဲမှာဈေးအနည်းငယ်တက်လာတယ်လို့သိရပါတယ်။ ဒေသထွက် ရှမ်းအာလူး ရော တရုတ်အာလူးတွေပါ ဈေးတက်လာတာပါ။လက်လီဈေးကွက်မှာဆိုရင် အာလူးအသေးအကြီးအရော တစ်ပိဿာကို ၇၀၀၀ ကျပ်အထိ ရှိနေပါတယ်။

ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ တရုတ်အာလူးတစ်ပိဿာကို ၃၃၀၀ မှ ၃၅၀၀ ကျပ်ရှိပြီး ဟဲဟိုး A1 က ၂၆၀၀ ကျပ်၊ ဟဲဟိုး S1 နဲ့ Ok က ၃၀၀၀ ကျပ် ၊ ဟဲဟိုး S2 က ၂၆၀၀ မှ ၂၈၀၀ ကျပ်ရှိပါတယ်။

ရှမ်းပြည်နယ် အောင်ပန်းကုန်စိမ်းဈေးကွက်မှာ လက်ရှိဇွန် ၁၈ ရက်မှာ မားကစ် S2 / S1 က ၅၀၀၀ ကျပ်၊ မျက်နီ S2 / S1 က ၄၅၀၀ ကျပ် ၊ မျက်နီ S1/ OK က ၄၀၀၀ ကျပ်၊ မျက်နီ OK က ၃၈၀၀ ကျပ်၊ဒေသ A1 က ၃၀၀၀ ကျပ်၊ ဒေသ A1 ဆွဲ ၃၀၀၀ ကျပ်ရှိပြီး ဂေါ်လီဆိုဒ် ၂၈၀၀ ကျပ်ရှိတယ်လို့ပါတယ်။

**Source :** https://htwettoe.com/

## ပဲတီစိမ်းစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွက် ပဲတီစိမ်း (မိုး+ဆောင်း) စိုက်ဧက ၅ သိန်းကျော် စိုက်ပျိုးရန် လျာထားပြီး မိုးရာသီတွင် ဧက ၄ ဒသမ ၅ သိန်းကျော်၊ ဆောင်းရာသီ တွင် စိုက်ပျိုးဧက ၁ သိန်းခန့် စိုက်ပျိုးရာတွင် မိုးပဲတီစိမ်းကိုသာ အဓိက ထား စိုက်ပျိုးထားပါသည်။

ဇွန်လ ဒုတိယပတ်အထိ မိုးရာသီအတွက် ပဲတီစိမ်း စိုက်ဧကပေါင်း ၈ သောင်းခန့် စိုက်ပျိုးပြီးစီးနေပြီး စိုက်ပျိုးပြီးစီးနေသော ခရိုင်များမှာ

ရွှေဘိုခရိုင် ဧက ၂၆,၀၀၀ ကျော်၊ ရေဦးခရိုင် ဧက ၁၈,၅၀၀ ကျော်၊ မုံရွာခရိုင်ဧက ၁၄,၀၀၀ ကျော်၊ စစ်ကိုင်းခရိုင် ဧက ၉၀၀၀ ကျော်၊ ကန့်ဘလူခရိုင် ဧက ၈၀၀၀ ခန့်၊ ယင်းမာပင်ခရိုင် ဧက ၃၀၀၀ ခန့်နှင့် ကလေးခရိုင် ဧက ၁၃၀ ကျော် စသည် ဖြင့် စိုက်ပျိုးပြီးစီးနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ဇွန်လ ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများမှာ ပဲတီစိမ်းကြီးတစ်တင်း ကျပ် ၇၅,၀၀၀ မှ ကျပ် ၁,၁၈၀,၀၀ ထိရှိပြီး ယခင်ပတ်အတွင်းဈေးနှုန်းများမှာ တစ်တင်း ကျပ် ၈၅,၀၀၀ မှ ကျပ် ၁၂၅,၀၀၀ ဖြစ်ပြီး ယခင်အပတ်နှင့် ယခု ပတ်နှိုင်းယှဥ်ပါက ပဲတီစိမ်းကြီးတစ်တင်း ကျပ် ၇၀၀၀ မှ ကျပ် ၁၀,၀၀၀ ခန့်ကျဆင်းနေကြောင်း သိရသည်။

ထိုသို့ အနည်းငယ်ကျဆင်းရခြင်းမှာဈေးကွက်အတွင်းသို့ ပဲတီစိမ်းအဝင်များလာခြင်း၊ လှောင်လက်သမားများမှ အဆွဲနည်း ခြင်းကြောင့် ဈေးအနည်းငယ်ကျဆင်းနေကြောင်း မုံရွာကုန်စည်ဒိုင်က သိရသည်။

မုံရွာကုန်စည်ဒိုင်တွင် တစ်ရက်လျှင် အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**Source :** https://myantrade.gov.mm/

## အထက်မင်းလှမြို့နယ်၌ မိုးနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မိုးနှမ်းကို ဧက ၄၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးနှမ်းကို မေပြီလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး ၂ လခွဲခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ နှမ်းဖြူမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် တစ်ဧကလျှင် မျိုးစေ့ ၇ ပြည်ခန့် အသုံးပြု၍စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ယခင်နှစ်၌ စုစုပေါင်းငွေကျပ် ၃၅၀,၀၀၀ ခန့်ကုန်ကျခဲ့ပြီး ယခုနှစ်တွင် သွင်းအားစုဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ငွေကျပ် ၄၀၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် မိုးနှမ်းစိုက်ခင်းများမှာ အဖူးအပွင့်များ ဝေဆာ၍ အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း မိုးနှမ်းစိုက် တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မကွေး)**

https://www.doca.gov.mm/

## ဒူးရင်းသီးများ အရောင်းအဝယ်သွက်ဈေးကောင်းရနေ



ဇွန်လနောက်ဆုံးပတ်တွင် မန္တလေးဈေးကွက်၌ ဒူးရင်းသီးများ အရောင်း အဝယ်သွက်ပြီး ဈေးကောင်းရနေကြောင်းသိရသည်။

မန္တလေးဈေးကွက်သို့ ယိုးဒယားမှဝင်ရောက်လာသည့် မွန်ထောင်းသီးနှင့် ချန်နီသီး တို့ဖြစ်ပြီး၊ ပြည်တွင်းထွက်ရှိသည့် မော်လမြိုင်အသီး၊ မော်လမြိုင်ကိုင်း ဆက်သီး ၊တောင်ငူမှ ဝင်ရောက်လာသည့် တောင်ငူအသီးများ ရောင်းချလျက်ရှိ ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် မွန်ထောင်းသီးတစ်ကီလိုလျှင် အနိမ့်ဆုံးဈေး ၂၀,၀၀၀ ကျပ် မှ အမြင့်ဆုံး ၂၈,၀၀၀ ကျပ်၊ ချန်နီသီး တစ်ကီလိုလျှင် အနိမ့်ဆုံးဈေး ၁၈,၀၀၀ ကျပ် မှ ၂၅,၀၀၀ ကျပ်ဖြင့် ရောင်းချနေကြောင်း၊ ပြည်တွင်းထွက်အသီးများမှာ တစ်လုံးလျှင် အနိမ့်ဆုံးဈေး ၁၃,၀၀၀ ကျပ် မှ အမြင့်ဆုံးဈေး ၆၀,၀၀၀ ကျပ်အထိ ရောင်းချလျက် ရှိပြီး ဈေးကောင်းရနေကြောင်း သိရသည်။

**Source :** https://myantrade.gov.mm/

## ပြည်တွင်း စက်သုံးဆီဈေး တည်ငြိမ်နေ




ပြည်ပကနေ စက်သုံးဆီတင်သင်္ဘောတွေ အဆက်မပြတ် ဝင်ရောက်နေတဲ့အတွက် ပြည်တွင်းစက်သုံးဆီဈေးတွေ တည်ငြိမ်မှု ရှိနေတယ်လို့ စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီကနေ သိရပါ တယ်။

ဇွန်လ ၂၃ ရက် ပြည်တွင်းစက်သုံးဆီဈေးတွေကတော့ ရန်ကုန်မှာ အောက်တိန်း 92 တစ်လီတာကို ၂၉၆၀ ကျပ်၊ အောက်တိန်း 95 တစ်လီတာကို ၃၀၃၀ ကျပ်၊ ဒီဇယ်တစ်လီတာကို ၂၅၀၀ ကျပ်နဲ့ ပရီမီယမ်ဒီဇယ်တစ်လီတာကို ၃၁၀၀ ကျပ် သတ်မှတ်ထားပါတယ်။အခုသတ်မှတ်တဲ့ ဈေးနှုန်းတွေကတော့ အရင်နေ့တွေက စက်သုံးဆီဈေးတွေနဲ့ နှိုင်းယှဥ်ရင် မြင့်တက်လာတာမရှိဘဲ ဈေးတည်ငြိမ်နေတာကို တွေ့ရပါတယ်။

လတ်တလော ကမ္ဘာ့ရေနံဈေး မြင့်တက်မှုကြောင့် အာရှ-ပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေး မြင့်တက်လာတာနဲ့ အတူ ပြည်တွင်းစက်သုံးဆီတွေ မြင့်တက်လာတာ ရှိပေမဲ့ ပြီးခဲ့တဲ့ နှစ်ဆန်းပိုင်းက ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းတွေထက် တစ်လီတာကို ငွေကျပ် ၁၀၀ ကနေ ၁၅၀ အထိ သက်သာလျော့နည်းတယ်လို့ စက်သုံးဆီ တင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီကနေ သိရပါတယ်။

ဒ့ါပြင် ကြိုတင်မှာယူထားတဲ့ ပြည်ပကနေ စက်သုံးဆီတင်သင်္ဘောတွေ အဆက်မပြတ် ဝင်ရောက်နေပြီး အရန်ဆီတွေလည်း ရက်သတ္တပတ် နှစ်ပတ်စာလောက် သိုလှောင်ထားတဲ့အတွက် ပြည်တွင်း စက်သုံးဆီ ဖူလုံမှု ရှိနေတယ်လို့လည်း သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ဒူဘိုင်းနိုင်ငံတကာကုန်သည်ကြီးများအသင်းက ထိုင်းနိုင်ငံတွင် ကုန်သွယ်ရေးဆက်ဆံမှုကိုမြှင့်တင်ရန်အတွက် ရုံးခန်းအသစ်ဖွင့်လှစ်ခဲ့

ဒူဘိုင်းနိုင်ငံတကာကုန်သည်ကြီးများအသင်းမှ ၎င်းတို့၏ ၃၆ ခုမြောက်နိုင်ငံတကာရုံးခွဲကို ထိုင်းနိုင်ငံ၊ဗန်ကောက်မြို့တွင်ဖွင့်လှစ်ခဲ့ပြီး ထိုင်းနိုင်ငံနှင့်စီးပွားရေးဆက်ဆံမှုများပိုမိုနက်ရှိုင်းလာစေရန် နှင့်ဒူဘိုင်းပြည်နယ်၏ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုခြေရာကို ချဲ့ထွင်ရန်ရည်ရွယ်ထားသည့် မဟာဗျူဟာတွန်းအားကို အားဖြည့်ပေးခဲ့သည်။

ထိုင်းနိုင်ငံနှင့် စီးပွားရေးလုပ်ကိုင်ခြင်းဖိုရမ်အတွင်း အဆိုပါဖွင့်လှစ်ထားသည့် ရုံးခန်းအသစ်သည် ထိုင်းရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ဒူဘိုင်းဈေးကွက်သို့ လမ်းညွှန်နိုင်ရန်အတွက် အချက်အချာနေရာအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းသည် ဒူဘိုင်းအား နိုင်ငံခြားကုမ္ပဏီများ၊ အရည်အချင်းရှိသူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ထိပ်တန်းနေရာတစ်ခုအဖြစ် သတ်မှတ်ရန်ရည်ရွယ်သည့် 'Dubai Global' ပဏာမခြေလှမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ဗန်ကောက်မြို့တွင်၎င်းတို့၏ရုံးခန်းသစ်ကို စတင်ဖွင့်လှစ်လိုက်ခြင်းသည် ဒူဘိုင်း၏ကမ္ဘာလုံးဆိုင်ရာဆက်သွယ်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်းနှင့် ထိုင်းကုမ္ပဏီများအတွက် အခွင့်အလမ်းသစ်များအား ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာ တိုးချဲ့မှုအတွက်တံခါးပေါက်တစ်ခုအနေဖြင့် ဒူဘိုင်း၏အခန်းကဏ္ဍကိုပံ့ပိုးပေးမည်ဖြစ်ကြောင်း ဒူဘိုင်းကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌ နှင့်အမှုဆောင် အရာရှိချုပ်ဖြစ်သူ Mohammad Ali Rashed Lootah ကပြောကြားခဲ့သည်။

ဒူဘိုင်းကုန်သည်ကြီးများအသင်း၏ အရှေ့တောင်အာရှဆိုင်ရာ 'New Horizons' ကုန်သွယ်မှုမစ်ရှင်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဗန်ကောက်တွင်ကျင်းပခဲ့သည့်အဆိုပါဖိုရမ်တွင် အကြီးတန်းအရာရှိများနှင့် စီးပွားရေးဦးဆောင်သူများအပါအဝင် တက်ရောက်သူပေါင်း ၄၇၀ ကျော်ရှိခဲ့သည်။

အစားအသောက်နှင့်အဖျော်ယမကာ၊ အီလက်ထရွန်းနစ်၊ စိုက်ပျိုးရေးနှင့်ရင်းနှီးမြှုပ်နှံမှု စသည့်ကဏ္ဍများတွင် ဒူဘိုင်းအခြေစိုက်ကုမ္ပဏီပေါင်း ၂၀ တို့နှင့်ထိုင်းကုမ္ပဏီများတို့အကြား အပြန်အလှန်တွေ့ဆုံမှုပေါင်း ၂၈၈ ခုပြုလုပ်ခဲ့ကြသည်။

ဒူဘိုင်း–ထိုင်းရေနံမဟုတ်သောကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် AED ၂၃ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၂၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

အလားတူကာလမှာပင် ဒူဘိုင်းတွင် ထိုင်းစီးပွားရေးလုပ်ငန်းများတည်ရှိမှုမှာ မြင့်တက်လာခဲ့ပြီး ၂၀၂၄ နှစ်ကုန်တွင် ဒူဘိုင်းကုန်သည်များ အသင်း၌ မှတ်ပုံတင်ထားသောထိုင်းကုမ္ပဏီပေါင်း ၁၉၀ ခုတို့ဖြင့် နှစ်စဉ် ၂၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။

ခာတ်မြေသြဇာ၊ အလှကုန်နှင့်အလူမီနီယံသတ္တုစပ်များကဲ့သို့သော အလားအလာမြင့်မားသော ပို့ကုန်အခွင့်အလမ်းများစွာကို ဒူဘိုင်းပြည်နယ်မှထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရန်ခန့်မှန်းထားရှိပြီး၊ ထိုင်းနိုင်ငံအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် ဆေးဘက်ဆိုင်ရာခရီးသွားလုပ်ငန်းကဏ္ဍတို့အား ရင်းနှီးမြှုပ်နှံမှုအလားအလာများ အဖြစ် ဒူဘိုင်းကုန်သည်များအသင်းက ခန့်မှန်းထားရှိသည်။

အဆိုပါဗန်ကောက်ရုံးခွဲသည် မဟာဗျူဟာမြောက်စီးပွားရေးမိတ်ဖက်ဆောင်ရွက်မှုများချောမွေ့စေရန်နှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများအကြားကုန်သွယ်မှုအရှိန်အဟုန်မြှင့်တင်ရာတွင်အဓိကအခန်းကဏ္ဍမှပါဝင်စေရန်မျှော်မှန်းထားကြောင်း သတင်းဖော်ပြထားသည်။

**Source: Emirates News Agency**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)**

https://myantrade.gov.mm/

## ဆန်စပါးကဏ္ဍမြှင့်တင်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ ကမ္ဘောဒီးယားချမှတ်

ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ် (Cambodia Rice Federation – CRF) ၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကို ဇွန် ၁၆ ရက်နေ့၌ ကျင်းပရာတွင် အဖွင့်အမှာစကားပြော ကြားရာ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mrs. Cham Nimul က နိုင်ငံ၏ ဆန်စပါးကဏ္ဍကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ကောင်းမွန်စေရန်နှင့် ဆက်လက်၍ အောင်မြင်ကြီးပွားမှုသေချာခိုင်မာစေရန်အတွက်အဓိကအရေးပါသောမဟာဗျူဟာလုပ်ငန်းစဉ် ၅ ရပ်ကို အကြံပြုဖော်ပြခဲ့ကြောင်း သိရသည်။

ပထမအချက်မှာ ရင်းနှီးမြှုပ်နှံသူများအား ပိုမိုဆွဲဆောင်နိုင်မည့် အလားအလာများကို ဆန်းစစ်ဖော်ထုတ်မှုနှင့်အတူ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ကမ္ဘောဒီးယားဆန်၏ နိုင်ငံတကာ၌ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် ဆန်စပါးထုတ်လုပ်မှုကွင်းဆက်၌ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်မှုကို ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။

ဒုတိယလုပ်ငန်းစဉ်သည် စီးပွားရေးလုပ်ငန်းများကို ဥပဒေများ၊ ကျင့်ဝတ်များနှင့်အညီ လုပ်ကိုင်လျက် ဆန်စပါးလုပ်ငန်းတွင်ပါဝင်လုပ်ဆောင်နေသူများ၏ အကျိုးစီးပွားကိုကာကွယ်ရန်နှင့် ပြည်တွင်း ပြည်ပဈေးကွက်များ၌ ကမ္ဘောဒီးယားဆန်၏ ယုံကြည်စိတ်ချရမှုကို မြှင့်တင်ရန်ပင် ဖြစ်သည်။

တတိယအချက်အဖြစ် ဉာဏပစ္စည်းပိုင်ဆိုင်မှုနှင့် အမှတ်တံဆိပ်များအား အကာအကွယ်ပေးခြင်းနှင့် မြှင့်တင်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ရာ၌ ထုတ်ကုန်၏ အရေအတွက်၊ အရည်အသွေး၊ ဘေးအန္တရာယ် ကင်းရှင်းမှုနှင့်ထုပ်ပိုးမှုအသွင်အပြင်တို့ကို  သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရမည်ဖြစ်ပြီးသို့မှသာကမ္ဘောဒီးယားဆန်၏ဂုဏ်သတင်းကို ထိန်းသိမ်းလျက် ရေရှည်တည့်တံ့သော ပို့ကုန်အဖြစ် မြှင့်တင်နိုင်မည်ဖြစ်ကြောင်း  Mrs. Nimul က ပြောကြားထား သည်။

စတုတ္ထလုပ်ငန်းစဉ်အဖြစ် ကမ္ဘောဒီးယားစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာဦးစီးဌာနများ၊ အထူးသဖြင့် Green Trade ကုမ္ပဏီ၊ ပို့ကုန်မြှင့်တင်ရေးအဖွဲ့တို့နှင့် ပူးပေါင်းလျက် အရည်အသွေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအမံများကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြင့် တည်ရှိပြီးဈေးကွက်များကို ခိုင်မာစေရန်နှင့် ဈေးကွက် အသစ်များ တိုးချဲ့ ရန် CRF အသင်းချုပ်နှင့် ဆန်စပါးလုပ်ငန်းရှင်များသို့ အကြံပြုထားကြောင်း သိရသည်။

ပဉ္စမအချက်အဖြစ် CRF အသင်းချုပ်ရှိ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်သစ်များကို မကြာမီ ကာလ၌ ရွေးချယ်တင်မြှောက်ခြင်းနှင့် ဆက်စပ်လျက် အသင်းချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆောင်ရွက်မှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကိုလည်း ခေတ်မီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဝန်ကြီး Mrs. Cham Nimul က ပြောဆိုခဲ့သည်။

ကမ္ဘောဒီးယားအစိုးရ၊ CRF အသင်းချုပ်၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆန်စပါး လုပ်ငန်းနယ်ပယ်ရှိ အခြားသက်ဆိုင်သူများ ပူးပေါင်းကြိုးပမ်းအားထုတ်မှု၏ ရလဒ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံသည် ဆန်စပါးပိုလျှံစွာထုတ်လုပ်လျက် ပြည်ပသို့တင်ပို့သည့်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ဝန်ကြီးဌာနအနေဖြင့်တရုတ်နိုင်ငံသို့ကြိတ်ခွဲပြီးဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့ရန် နားလည်မှုစာချွန်လွှာကို ၂၀၂၅ ခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ နိုင်ငံပိုင် Green Trade ကုမ္ပဏီ သည်လည်း အင်ဒိုနီးရှားသို့ ဆန်တန်ချိန် ၃၇,၅၀၀ နှင့် တီမောလက်စ်သို့ ဆန်တန်ချိန် ၄၀၀၀ တင်ပို့ရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၆၅၁,၀၀၀ နှင့် စပါးတန်ချိန် ၅ ဒသမ ၁ သန်းခန့် တင်ပို့လျက် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈ ဘီလီယံကျော် ရရှိခဲ့ကြောင်း သိရသည်။

**Source:KhmerTimes,June18,2025**

**(လယ်ယာထွက်ကုန်များနှင့် အစိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## STOCK EXCHANGE (23.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,464 (Shares) | 31,618,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,600 | +100 | +1.54% | 6,500 | 6,600 | 6,500 | 770 | 5,025,000 | 33,109,694 | 218,524 |
| MTSH | 00002 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 4,834 | 14,360,350 | 38,929,150 | 116,788 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 85 | 620,500 | 10,400,986 | 75,927 |
| FPB | 00004 | 1,850 | -50 | -2.63% | 1,900 | 1,900 | 1,850 | 203 | 383,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,700 | 2,700 | 2,700 | 600 | 1,620,000 | 12,823,224 | 34,623 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,821 | 2,969,650 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | -50 | -1.25% | 3,950 | 3,950 | 3,950 | 197 | 778,150 | 10,497,598 | 41,466 |
| MAEX | 00008 | 3,000 | -50 | -1.64% | 3,000 | 3,000 | 3,000 | 1,954 | 5,862,000 | 23,804,946 | 71,415 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 20th Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 342.80 | -0.62 | -0.18% | 340.80 | 342.80 | 340.27 | 10,464 | 31,618,950 | 8 | 646,585 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 20th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 10,469 (Shares) | 31,634,700 (MMK) |

### Main Board

As of 1:00 pm, 20th Jun. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,464 (Shares) | 31,618,950 (MMK) |

| MYANPIX | 342.80 ▼ 0.62 |
|---|---|
| Total Volume (shares) | 10,464 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 646,585 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,600 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,850 | ▼ 50 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,950 | ▼ 50 |
| MAEX | 00008 | 3,000 | ▼ 50 |

TIR